BURMESE

Cole Elementary School

**FAMILY ENGAGEMENT POLICY မိသားစု ထိတွေ့ပါဝင်ပတ်သက်မှု ပေါ်လစီ**

2025-2026 School Year ၂၀၂၅-၂၀၂၆ စာသင်နှစ်

## မိဘများသည် Cole မူလတန်းကျောင်း၌ ပါတနာမိတ်ဆွေများ ဖြစ်ကြပါသည်။

ကလေးများ၏ပညာရေး အောင်မြင်မှုအတွက် မိဘများ၏ပါဝင်မှုက အရေးကြီးပါသည်။ အဆင့်မြင့် ပညာရေး စံနှုန်းများဖြင့် ၎င်းတို့၏ သားသမီးများ အောင်မြင်စေရန်အတွက် ကူညီပေးရာ၌ မိဘများက အဓိကကြပါသည်။ သင်ယူလေ့လာမှုကို ပံ့ပိုးရန်အတွက် ကျောင်းများ၊ မိသားစုများနှင့်ကွန်မြူနတီအဖွဲ့များ အတူတကွလုပ်ဆောင်ကြသည့်အခါ ကလေးများ တိုးတက်အောင်မြင်ပြီး ကျောင်းများ တိုးတက်လာခဲ့ပါသည်။ မိဘတစ်ဦးအနေဖြင့် သင်သည် သင့်ကလေး၏ပညာရေးအတွက် လက်တွဲဖော်တစ်ဦးဖြစ်ကာ ၊ တက်ကြွစွာ ပါဝင်သွားရန် သင့်အား တွန်းအားပေးလိုပါသည်။ အောက်ပါတို့မှာ Cole မူလတန်းကျောင်းရှိ မိဘများ၏ပါဝင်နိုင်သည့်နည်းလမ်းများ ဖြစ်ပါသည်။

### မိဘများဖြင့် ပြောဆိုဆက်သွယ်ခြင်း

- Cole ဝန်ထမ်းများသည် Cole မူလတန်းကျောင်းသို့ ကျောင်းသားတိုင်းအား ကြိုဆိုလက်ခံသွားပါမည်။ ကျောင်းစတက်သည့် ပထမနေ့မတိုင်ခင် ကျောင်းသား၏ဆရာဆရာမနှင့်စာသင်ခန်းဖြင့်ပတ်သက်ပြီး မိသားစုများထံ အကြောင်းကြားပေးပါမည်။
- မိဘများထံ ၎င်းတို့သားသမီးများ၏အပြုသဘောနှင့်အပျက်သဘောဆောင်သော လုပ်ဆောင်ချက်များဖြင့်ပတ်သက်ပြီး မိဘများ ပြောဆိုသောဘာသာစကားဖြင့် ဆက်သွယ်ပေးပါမည်။
- မိဘများ ၊ ဆရာဆရာမများနှင့် ကျောင်းသားများအတွက် Family/School Compact ကို စီစဉ်ပေးထားပါသည်။
- State Academic Standards/ပြည်နယ် ပညာရေး စံနှုန်းများ၊ တိုးတက်မှု အစီရင်ခံစာများ၊ ရီပို့ကတ်များ၊ MAP Scores ရမှတ်များနှင့် TN Ready အစီရင်ခံစာများစသည်တို့ကို လက်ခံရရှိခြင်းဖြင့် ကျောင်းသင်ရိုးညွှန်းတမ်းနှင့် မျှော်မှန်းထားသော ကျွမ်းကျင်မှု levels အဆင့်များကို မိဘများထံ အသိပေးအကြောင်းကြားပါသည်။
- အရေးကြီးသောအချက်အလက်များဖြန့်ဝေရန် အင်္ဂလိပ်၊စပိန်နှင့်အခြားဘာသာစကားများဖြင့် ကျောင်းရှေ့ဆိုင်းဘုတ်များ၊ သတင်းလွှာများ၊ ကျောင်းတွင်း ဖုန်းခေါ်ဆိုမှုစနစ်၊ ကျောင်း၏ website ဝဘ်ဆိုဒ်နှင့် Facebook စသည်တို့ကို အသုံးပြုထားပါသည်။

### မိဘများဖြင့် တွေ့ဆုံခြင်း

- မိဘများ၏ပြောဆိုချက်များကို သိရှိနိုင်ရန်အတွက် ယဉ်ကျေးမှုကျောထောက်နောက်ခံမတူညီသော မိဘ အုပ်စုကြီးဖြင့် ဆက်သွယ်ချိတ်ဆက်နိုင်ရန် Parent Advisory Council (PAC)/မိဘ အကြံပေး ကောင်စီအား ဖန်တီးခဲ့ပါသည်။
- မိဘများနှင့်ကျောင်းသားများကို ကြိုဆိုရန်နှင့် ပရိုဂရမ်၏လိုအပ်ချက်များနှင့် မိဘ အခွင့်အရေးများစသည်တို့အပါအဝင် ကျွန်ုပ်တို့၏ကျောင်းနှင့် Title I ပရိုဂရမ် အချက်အလက်များ ပံ့ပိုးပေးရန်အတွက် Title I နှစ်ပတ်လည်အစည်းအဝေးနှင့် Open House/ကျောင်းဖွင့်ပွဲများကို စီစဉ်ပြုလုပ်ပေးထားပါသည်။
- မိဘများပါဝင်ရန်အတွက် သင့်လျော်ပြီး လိုအပ်သော အသုံးစရိတ်များကို Title I ရန်ပုံငွေများဖြင့် ပေးချေပါသည်။
- မိဘများမှ ၎င်းတို့၏ကလေးများကို အိမ်တွင် သင်ကြားပေးနိုင်ရန်အတွက် Coffee Talk/Cafecitos ၊ Parent Trainings သင်တန်းများနှင့် Family Academic Nights စသည်တို့ကဲ့သို့သော မိဘ workshops ဆွေးနွေးပွဲများကို တစ်နှစ်ပတ်လုံး စီစဉ်ပေးထားပါသည်။ မိဘများ၏အဆင်ပြေမှုပေါ်မူတည်ပြီး ပြုလုပ်ချိန်များက ကွဲပြားပါသည်။
- နိုဝင်ဘာလ၌ ပြုလုပ်ချိန်အမျိုးမျိုးဖြင့် Parent Conferences/မိဘ အစည်းအဝေးညီလာခံများကို သတ်မှတ်စီစဉ်ပေးပြီး ၊ ဆရာဆရာမများနှင့်မိဘများအကြား ဘာသာပြန်အတွက် လိုအပ်ခဲ့လျှင် စကားပြန်များကို စီစဉ်ပေးပါသည်။

### လှုပ်ရှားတက်ကြွသော မိဘ ပါဝင်မှု

- ဖုန်းခေါ်ဆိုမှုများ၊ ဆိုရှယ်မီဒီယာ၊ သတင်းလွှာများ၊ လက်ကမ်းကြော်ငြာများနှင့်ကျောင်းရှေ့ဆိုင်းဘုတ်များမှတဆင့် Parent Involvement/မိဘ ပါဝင်မှု ပရိုဂရမ်များကို ကြေညာသွားပါမည်။
- Festivals ပွဲများ၊ Thanksgiving နေ့လည်စာ၊ Field Day/အားကစားပွဲနေ့၊ Book Fair/စာအုပ် ဈေးပွဲတော်နှင့် PTO/မိဘ ဆရာအဖွဲ့ ပွဲများကဲ့သို့သော လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်းလုပ်အားပေးအဖြစ် ပါဝင်ရန် မိဘများကို ဖိတ်ခေါ် သွားပါမည်။
- Parent School Compact/မိဘ ကျောင်း သဘောတူညီမှုနှင့် School Improvement Plan/ကျောင်း ဖွံ့ဖြိုးရေး အဆင့်မြှင့်တင်မှု စီမံကိန်းများစသည်တို့အား ရေးသားခြင်းနှင့်အကောင်အထည်ဖော်ခြင်းများ၌ မိဘများကို ပါဝင်စေပါသည်။
- အလယ်တန်းတက်မည့် ကျွန်ုပ်တို့၏ပဉ္စမ(၅)တန်းကျောင်းသားများအား အကူးအပြောင်းအစပြုရန်အတွက် counselors/အကြံပေးသူများဖြင့် တွေ့ဆုံနိုင်ရန် အလယ်တန်းကျောင်း လေ့လာရေး ခရီးစဉ်ကို စီစဉ်ပေးထားမှာ ဖြစ်ပါသည်။
- Every Spring, Pre-K နှင့် Head Start ကျောင်းသားများသည် သူငယ်တန်းကျောင်းသားဖြစ်ရခြင်းကို သိရှိလေ့လာရန်အတွက် Cole မူလတန်းကျောင်းသို့ သွားရောက်လည်ပတ်ကြမှာ ဖြစ်ပါသည်။
- ကျွန်ုပ်တို့သည် မိဘများနှင့် မိသားစုဝင်များအား ပံ့ပိုးပေးသည့် Family Engagement/မိသားစု ထိတွေ့ဆက်ဆံမှု၊ College and Career/ကောလိပ်နှင့်အသက်မွေးဝမ်းကျောင်းအလုပ်၊ Health and Wellness/ကျန်းမာရေးနှင့်ကြံ့ခိုင်ရေးနှင့် Social Services and Adult Development/လူမှု ဝန်ဆောင်မှုများနှင့်အရွယ်ရောက်ပြီးသူ ဖွံ့ဖြိုးတိုးတက်ရေးစသည့် workshops ဆွေးနွေးပွဲများကို စီစဉ်ပြုလုပ်ပေးထားပါသည်။